# ပါစကားကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၂၄း ၃၅-၄၈

ပါစကားပွဲကာလအတွင်း ဖတ်ရတဲ့ကျမ်းစာတွေကတော့ ယေရှုဘုရားရှင်ဟာ သေရာမှပြန်ရှင်တယ်ဆိုတာကို ကျနော်တို့ ယုံကြည်စိတ်ချစေကြဖို့ ဖြစ်ပါတယ်။ အခုတစ်ခါ သေရာမှပြန်ရှင်တယ်ဆိုတာကို ယုံကြည်ပြီးရင် ကျနော်တို့မှာ ဘာတာဝန်တွေ ရှိလာသလဲဆိုတော့ ရှင်ပြန်ထမြောက်တဲ့ဘုရားရဲ့အကြောင်းကို ဟောပြောသက်သေခံဖို့ တာဝန်ရှိလာပါတယ်။ "ဂျေရုဆလင်မြို့မှအစပြု၍ လူမျိုးတကာတို့အား နောင်တတရားနှင့် အပြစ်မှခွင့်လွှတ်ခြင်းတရားကို သူ၏နာမတော်၌ ဟောပြောရမည်။"

အဲဒီလိုဟောပြောရာမှာ ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်က ကျနော်တို့ဘဝတွေနဲ့ သက်ဆိုင်တယ်၊ ဆက်နွယ်တယ်ဆိုတာ ရှေးဦးတမန်တော်ကြီးတွေက အခုလို ဆက်စပ်ပေးပြီး ဟောပြောခဲ့ပါတယ်။ "အာဗြဟံ၊ အီဇက်၊ ယာကုပ်တို့၏ဘုရား၊ ငါတို့ဘိုးဘေးတို့၏ ဘုရားသခင်သည် မိမိသားတော်ယေရှုကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခဲ့၏" ရှင်ပြန်ထမြောက်လာတဲ့ ယေရှုဘုရားရှင်က ငါတို့နဲ့ စိမ်းနေတဲ့ဘုရား မဟုတ်ဘူး။ ငါတို့ ဘိုးဘေးတွေ ကိုးကွယ်နေတဲ့ဘုရားရဲ့သားတော် ဖြစ်တယ်ဆိုပြီး သူတို့တွေနဲ့ အစိမ်းသက်သက်မဟုတ်တဲ့အကြောင်း ဟောပြောပါတယ်။

ပါစကားပွဲကာလအတွင်းမှာ ဖတ်ရတဲ့ ပထမကျမ်းစာဟာ တမန်တော်ဝတ္ထု မှ ဖတ်စေပါတယ်။ တမန်တော်ဝတ္ထု မှာ ရှေးဦးခရစ်ယာန်တွေ ဘယ်လောက်တောင် ဟောပြောသက်သေခံနိုင်ကြသလဲ၊ ဘယ်လောက်တောင် တက်ကြွစွာ နေထိုင်အသက်ရှင်ကြသလဲ၊ ဘယ်လောက်တောင် ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝကြသလဲဆိုတာတွေကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်။ သူတို့တတွေ ဘာကြောင့် အခုလို တက်တက်ကြွကြွ ဟောပြောသက်သေခံနိုင်ကြတာလဲ။ သူတို့တတွေဟာ ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်နဲ့ လက်တွေ့ ထိတွေ့ ခံစားကြရလို့ တက်ကြွနိုင်တာပါ။ ဇွဲရှိနိုင်တာပါ။ ယုံကြည်ခြင်း ထက်သန်နိုင်ကြတာပါ။

ယခုခေတ်အချိန်အခါမှာလည်း ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်ကို ထိတွေ့ခံစားနိုင်စေဖို့ အသင်းတော်မှ စက္ကရမင်တူးတွေကို ပေးထားပါတယ်။ စက္ကရမင်တူးတွေ ကျင်းပ ခံယူတိုင်းမှာ ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်နဲ့ ထိတွေ့ခံစားရစေပါတယ်။ အထူးသဖြင့် ကိုယ်တော်မြတ်စက္ကရမင်တူး ဖြစ်ပါတယ်။ ကိုယ်တော်မြတ်ကို ဖန်ဆင်းတဲ့ မစ္ဆားတရားပူဇော်ခြင်းမှာ နှုတ်တော်ထွက်စကားကို ဖတ်ရှုဟောပြောတာကို ကြားနာခြင်းဖြင့် ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရဲ့ တရားတော်ကို ကြားနိုင်ကြတယ်။ ကိုယ်တော်မြတ်ကို ပူဇော်ပင့်ယူတဲ့အခါ ရှင်ပြန်ထမြောက်တဲ့ ယေရှုဘုရားရှင်ဟာ ကျနော်တို့ရဲ့ ဝိညာဉ်ထဲမှာ ဆင်းကြွလာပါတယ်။

ဒီလိုပါပဲ ယနေ့ ယေရှုဘုရားရှင်က လူမျိုးတကာတို့အား နောင်တတရားနှင့် အပြစ်မှခွင့်လွှတ်ခြင်းတရားကို ဟောကြားဖို့ တပည့်တော်တွေကို မိန့်မှာထားပါတယ်။ အာပတ်ဖြေခြင်း စက္ကရမင်တူးကို နောင်တစိတ်နဲ့ ခံယူသူတိုင်းဟာ အပြစ်ခွင့်လွှတ်ခြင်း ခံစားရပါတယ်။ သူ့ရဲ့အပြစ်တွေကို ဘုရားက ခွင့်လွှတ်တော်မူပါတယ်။ လူတစ်ယောက်ကို နောင်တရစေတာကလည်း

ဘုရားရဲ့ကျေးဇူးတော်ပါပဲ။ ဆိုလိုတာက ဘုရားက လှူ့ဆော်ပေးလို့ ဒီလူက နောင်တရလာတာလို့ ပြောနိုင်တယ်၊ သူ နောင်တရလာတာက ဘုရားရဲ့ ကျေးဇူးတော်နဲ့ မကင်းဘူးလို့ သေချာပေါက် ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဒီလူ့ဘက်က ပါဝင်ကျိုးစားမှု လုံးဝမရှိလို့တော့ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ရဲ့ကျေးဇူးတော်က လူ့သဘာဝကို မဆန့်ကျင့်ပါဘူး။ နောင်တရဖို့ မလိုလားတဲ့လူကို ဘုရားရဲ့ကျေးဇူးတော်က သူ့ကို နောင်တရအောင် လုပ်မပေးနိုင်ပါဘူး။ ဒါကြောင့် အာပတ်ဖြေခြင်း စက္ကရမင်တူးမှာ နောင်တရဖို့အတွက်က လူ့ရဲ့ အားထုတ်မှု လိုအပ်တယ်။ အပြစ်ကို ခွင့်လွှတ်တာကတော့ ဘုရားရဲ့ တန်ခိုးတော်ပဲ ဖြစ်ပါတယ်။

ဒါကို ထွက်မြောက်ရာကျမ်းစာထဲက ပင်လယ်နီကို ဘုရားရဲ့ တန်ခိုးတော်နဲ့ ကျော်ဖြတ်ပြီး အီဂျစ်စစ်တပ်ရဲ့လက်မှ လွတ်မြောက်သွားတဲ့ အီဇရာအဲလ်လူမျိုးတွေရဲ့ အဖြစ်အပျက်နဲ့ နှိုင်းယှဉ် ပြောနိုင်ပါတယ်။ ပင်လယ်ကြီးကို နှစ်ခြမ်းခွဲပေးတာကတော့ ဘုရားရဲ့တန်ခိုးတော်ပါပဲ။ ဒါပေမဲ့ ဟိုဘက်ကမ်းကို ရောက်အောင်သွားဖို့က လူတွေဘက်က ကျိုးစားအားထုတ်မှုတော့ လိုအပ်သလိုပေါ့။ ဒီလိုပါပဲ အာပတ်ဖြေခြင်း စက္ကရမင်တူးမှာ အပြစ်ခွင့်လွှတ်ပေးနိုင်တာက ဘုရားသခင်ရဲ့ တန်ခိုးတော်ပါပဲ။ ဒါပေမဲ့ အပြစ်တွေကို ဘုရားက ခွင့်လွှတ်ပေးနိုင်ဖို့ အဲဒီလူကိုယ်တိုင်က နောင်တရဖို့ ကိုယ်တိုင် ပါဝင်ကျိုးစားရမှာပါ။

အာပတ်ဖြေကြတဲ့အခါ ကျနော်တို့ အာရုံစိုက်ကြတာက ဘာအပြစ်အမှားတွေကို ငါ ကျူးလွန်ခဲ့သလဲဆိုတာတွေပါပဲ။ အပြစ်ကြီးလား၊ အပြစ်ကလေးလား။ ဘယ်နှစ်ခါကျူးလွန်ခဲ့တာလဲ ဆိုတာတွေပဲ အာရုံစိုက်ကြတာပါပဲ။ တစ်ကယ်တမ်း အာရုံစိုက်သင့်တာက ဘယ်လိုစိတ်ထားနဲ့ ဒီအပြစ်ကို လုပ်တာလဲဆိုတာက ပို အရေးကြီးပါတယ်။ အပြစ်ဖြစ်လာစေတဲ့ သင့်စိတ်ထားရင်းကို စဉ်းစားဆင်ခြင်ပြီး ပြုပြင်ရမှာဖြစ်ပါတယ်။ သင့်ဘဝမှာ မေးစရာ မေးခွန်းနှစ်ခုက ဘုရားသခင်နဲ့ သူတစ်ပါးကို ချစ်မှာလား (သို့မဟုတ်) တစ်ကိုယ်ကောင်းဆံဆံ ကိုယ့်ကိုယ်ကိုပဲ ချစ်မှာလား။ ဘုရားသခင်နဲ့ သူတစ်ပါးကို ချစ်မှာဆိုရင်တော့ ကိုယ့်ကိုယ်ကို အနစ်နာခံစရာ လိုအပ်ပါလိမ့်မယ်။ ဒီလိုရွေးချယ်ပြီးလုပ်ရင် သင်ဟာ ချစ်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဒီလိုမဟုတ်ပဲ တစ်ကိုယ်ကောင်းဆံဆံ ကိုယ့်ကိုယ်ကိုပဲ ချစ်မှာဆိုရင်တော့ ဘုရားသခင်နဲ့ သူတစ်ပါးကို မရှိမသေ၊ အလေးမထား ဖြစ်လာပါလိမ့်မယ်။ ဒီအခါ သင်မှာ ပျော်ရွှင်ကြည်နူးမှု ခံစားရမှာ မဟုတ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားက သင့်ကို အဲ့ဒီလို တစ်ကိုယ်ကောင်းဆံဆံ ကိုယ့်ကိုယ်ကိုပဲ ချစ်ဖို့ ဖန်ဆင်းထားတာမှ မဟုတ်တာပဲ။ ဒါကြောင့် အပြစ်ဆိုတာ ဘုရားက သင့်အတွက် ရည်စူးထားတဲ့အဖြစ်အခြေအနေကနေ သင်က သွေယ်ဖယ်ပြီး ဆန့်ကျင်ဘက်နေတာကို အပြစ်လို့ ခေါ်ပါတယ်။

လူတွေက သတ်မှတ်ထားတဲ့အပြစ်ကြီးဆိုတာ ဖြစ်ဖို့ကလည်း (၁) အပြစ်တစ်ခုခုကို သိသိကြီးနဲ့ လုပ်တာဖြစ်ရမယ်။ (၂)လုပ်ချင်တဲ့ဆန္ဒ အပြည့်အဝနဲ့ လုပ်တာဖြစ်ရမယ်။ (၃)လုပ်တဲ့အပြစ်ကလည်း အသေးအမွှားမဟုတ်တဲ့ ကြီးကြီးမားမားကို လုပ်တာ ဖြစ်ရမယ်။ အဲဒီ (၃)ချက်စလုံးပြည့်စုံပြီး လုပ်တဲ့အပြစ်ကို အပြစ်ကြီးလို့ သတ်မှတ်ကြတယ်။ ဒါက လူတွေဘက်က သတ်မှတ်ကြတာပါ။ ဘုရားဘက်ကတော့ အဲ့ဒီလို လျှေနံ့ဒါးထစ် မသတ်မှတ်ပါဘူး။ ဥပမာ နံပတ်(၁)အရ အပြစ်တစ်ခုခုကို သိရက်သားနဲ့ လုပ်ရင် အပြစ်ကြီး တဲ့။ ဟုတ်ပါပြီ၊ အဲ့ဒီလူက ဘယ်လောက်အထိ သိရက်သားနဲ့

လုပ်တာလဲ၊ ဘယ်လောက်အထိ သိတယ်/မသိဘူးဆိုတာ ဘယ်လိုလုပ် သိနိုင်မှာလဲ။ ဘုရားနဲ့ အဲ့ဒီကာယကံရှင်ပဲ သိမှာပဲ။ ယနေ့ဖတ်ရတဲ့ တမန်တော်ဝတ္ထု မှာ သခင်ယေရှုးကို သတ်လိုက်တဲ့သူတွေကို တမန်တော်တို့က သင်တို့ မသိနားမလည်လို့ လုပ်မိတာပါလို့ ပြောခဲ့ပါတယ်။ "ညီအစ်ကိုတို့၊ သင်တို့နှင့် သင်တို့ကို အုပ်ချုပ်သူများသည် မသိနားမလည်သောကြောင့် ဤသို့ပြုခဲ့ကြသည်ကို ငါသိ၏။" လို့ သံပေတရုးက ပြောလိုက်ပါတယ်။ သခင်ယေရှုးလည်း ကားတိုင်ပေါ်ကနေ သူ့ကို သတ်တဲ့သူတွေအပေါ်မှာ အခုလို ဆုတောင်းပေးခဲ့တယ်လေ "အိုအဘ၊ သူတို့ကို ခွင့်လွှတ်တော်မူပါ။ အကြောင်းမူကား သူတို့ပြုလုပ်သောအရာကို သူတို့ မသိကြပါ" (လုကာ ၂၃း ၃၄)

ဒါကြောင့် လူကသာ အပြစ်ကြီး/အပြစ်ကလေး ခွဲခြားနေတာ ၊ သခင်ယေရှု မိန့်တော်မူသလို ဘုရားရဲ့စိတ်သဘောကတော့ သူတို့ မသိလို့ လုပ်မိတာပါလို့ ကျနော်တို့ကို နားလည်ပေးတဲ့အချစ် ဖြစ်ပါတယ်။ လူ့ရဲ့အားနည်းချက်တွေကို နားလည်နေတဲ့ယေရှုဘုရားရှင်က လူတွေရဲ့အပြစ်ကို ခွင့်လွှတ်ပေးရတာကို ပျော်နေတဲ့ဘုရား ဖြစ်ပါတယ်။ သင့်ကို အပြစ်ခွင့်လွှတ်ချမ်းသာပေးရအောင် သင် နောင်တရမှာကို စောင့်မျှော်နေတဲ့ဘုရား ဖြစ်တော်မူပါတယ်။ လူတိုင်းမှာ အပြစ်ရှိကြပါတယ်။ "ကိုယ့်ကိုယ်ကို အပြစ်မရှိပါဘူးလို့ ပြောတဲ့သူဟာ လူလိမ်ဖြစ်တယ်" လို ရှင်ယောဟန်က သူ့ရဲ့ဆုံးမစာမှာ ရေးထားပါတယ်။ ဒါကြောင့် လူတိုင်းဟာ ကိုယ့်ဘဝမှာ ဘုရားသခင်ရဲ့သားသမီး အစစ်အမှန်အတိုင်း လွတ်လွတ်လပ်လပ် နေနိုင်ဖို့ဆိုရင် နောင်တရပြီး ဘုရားရဲ့ခွင့်လွှတ်ခြင်း ခံစားရမှ ဖြစ်နိုင်မှာပါ။ ကိုယ့်အပြစ်များအတွက် နောင်တရပြီး အာပတ်ဖြေခြင်း စက္ကရမင်တူးကို ထိုက်တန်စွာ ခံယူခြင်းအားဖြင့် ရှင်ပြန်ထမြောက်တော်မူတဲ့ယေရှုဘုရားရှင်နဲ့ ထိတွေ့ခံစားနိုင်ကြပါစေ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။